ရေသောက်မြစ် စာအုပ်တိုက်



# ပြဒါး ဟန်

(တောင်လုံးပြန်)

M.K. Naing

- လူသည် နိုင်ငံရေး၏ သတ္တဝါဟု ညွှန်းဆိုကြသည် ။ ကျွန်တော်သည် လူသားစင်စစ် ဧကန်ဖြစ်သည် ။ သို့သော် နိုင်ငံရေးသတ္တဝါဟု ကာလကြာမြင့်စွာကပင် မခံယူမိသေး။ မြဝတီမြို့ကို ရောက်ရှိရန် အကြောင်းဖန်လာကာမှ ဩော်....လူသည် နိုင်ငံရေးဝက်ပါတွင်းမှ ရှောင်မလွတ်ပါလားဟု သိရ၏။ ကျွန်တော် မြဝတီမိုးကို မည်သို့ကြုံရသည် ဆိုလျှင်...

-မြဝတီမြို့ တစ်ခွင်သည် နှစ်ပေါင်းဆယ်ချီကာလကပင် စနက်တံ မီးမြိုက်ခံထားရသည့် ဒိုင်းနမိုက်ကဲ့သို့ အချိန်မရွေး ပေါက်ကွဲ လောင်ကျွမ်းရန်အသင့်။ ဗုံး၊ ကျည်ဆန်၊ ယမ်းငွေ့တို့ တဝေဝေဖြစ်ခဲ့ရာမှ ယနေ့ မြဝတီသည် ခွန်အားအပြည့်ဖြင့် ရန်းထလာသည့် ခြင်္သေ့ပေါက် တစ်ကောင်ကဲ့သို့ ဖြစ်လာခဲ့ပြီ။ ။ ဤသည် ကား ငြိမ်းချမ်းရေးလမ်းစကြောင့်ဟု ဆို၏။

-ခုနစ်ရက်၊ ခုနစ်လီ အဆက်မပြတ် စွေလေသော မိုးကြီးကြောင့် မြို့မြဝတီသည် ရေပင်လယ်သဖွယ် သုံးရက်တိတိ လွှမ်းခံခဲ့ရသည် ။ သေကျေပျက်စီးမှုများ ၊ ဆုံးရှုံးမှုများက နှစ်ပေါင်းများ စွာအတွင်း အဆိုးရွားဆုံး ကြုံခဲ့ရသည် ။ သို့သော် အံ့ဩဖွယ်ရာကောင်းလှသည် ကား မြဝတီနယ်သားတို့ သည် ချက်ချင်းပင် ကုန်းရုန်းထခဲ့ကြသည် ။ ချက်ချင်းပင် ခွန်အားအပြည့်ဖြင့် ချီခဲ့ကြသည် ။ ထိုမိုးကြီးလေကြီး အခါသမယတွင် ကျွန်တော်သည် လုံးဝထင် မှတ်ထားခြင်း မရှိစွာဖြင့် မြဝတီသို့ ဆိုက်ရောက်ခဲ့သည် ။ (၂၁-၈-၂၀၁၃)နေ့မှ (၂၅-၈-၂၀၁၃)နေ့ထိ မြဝတီတစ်ခွင်

လုံး အနှံ့အပြား ရောက်ခဲ့ရသည် ။ ဤတွင် မြဝတီမိုးကို ကျွန်တော် ထိတွေ့မိခဲ့သည် ။

## အခန်း(၁)

ကျွန်တော့်ခရီးစဉ်သည် အလွန်ရှင်းလင်းသော ခရီးစဉ်သာဖြစ်သည် ။

(၁)KNUမှ တာဝန်ရှိဖထီးတစ်ဦး၏ ဆက်စပ်နေသော အသိုင်းအဝိုင်းတွင်းမှ မြေကွက်များ ၊ စိုက်ခင်းမြေနေရာများကို သွားရောက်လေ့လာစာရင်းယူပြီး ဂျာနယ်တွင် ကြော်ငြာထည့်၍ ရောင်းချပေးရန်။

(၂) မယ်တော်ဆေးခန်းရှိ ဆရာမကြီး စင်သီယာမောင်ထံ စာအုပ်လှူဒါန်းရန်နှင့် ဆရာမကြီးအကြောင်း မေးမြန်းဆွေးနွေးရန်ဖြစ်သည် ။

တကယ်တမ်းကျတော့ ထိုခရီးစဉ်ထက် ပိုသာသော ခရီးစဉ်များ ၊ ဖြစ်ရပ်များ ၊ အခြေအနေများ များ စွာကြုံခဲ့ရသည် ။

အရင်ဦးဆုံး မြဝတီမြို့သို့ ကျွန်တော်ရောက်ရှိချိန်တွင် ချိန်းဆိုလိုက်သောနေရာသည် DKBA ဆက်ဆံရေးရုံးတွင် ဖြစ်နေသည် ။ ထိုနောက်ပိုင်း ဆက်တိုက်ကြုံတွေ့ရသည် ကား DKBA မှ တာဝန်ရှိသူတစ်ဦးရှင်းပြသည့် သန်လျင်တွင် ဖြစ်ပွားခဲ့သော လက်နက်မှုအဖြစ်မှန်။ DKBAမှ ဖော်ဆောင်နေသည့် အခမဲ့ပညာဒါနကျောင်း၏ အရေးကိစ္စများ ။ KNUမှ ဖထီးတစ်ဦး လိုက်လံပြသ သည့် မြေနေရာများ ။ မယ်တော်ဆေးခန်းသို့ မိုးလေကြားမှ သွားခဲ့ရသည့် ဖြစ်ရပ်များ ။ ရေဘေးသင့်ရာမှ

ရုန်းထခဲ့ကြသည့် မြဝတီသားတို့ ၏ အားမာန်များ ။ မပြီးပြတ်သေးသည့် ကရင်-မြန်မာ စစ်မှန်သော ငြိမ်းချမ်းရေးကိစ္စများ ။ ဗိုလ်မှူးတိုက်ဂါး၏ ငြိမ်းချမ်းရေးအယူအဆများ ။ ဗျူဟာမှူးဗိုလ်မှူးကြီးစန်းအောင်၏ အခမဲ့ပညာသင်ကျောင်းအတွက် ကြိုးပမ်းမှုများ ။ ခွန်ဆာရပ်ကွက်အတွင်းမှ DKBA အိမ်ယာမြေများ ။

ကျွန်တော်၏ ငါးရက်တာခရီးစဉ်သည် ပြန်ပြောရန်ပြည့်စုံလှသည့် တကယ့်ဖြစ်ရပ်များ ဖြင့် လွှမ်းခြုံထားသည် ။ ကျွန်တော့်တစ်သက်တာတွင် ဘယ်တုန်းကမှ စားပွဲတစ်ဝိုင်းတည်း မထိုင်ခဲ့ဖူးသူများ နှင့် ဆုံတွေ့ခဲ့ရသည် ။ လက်နက်ကိုင်အဖွဲ့အစည်းတစ်ခု၏ ငြိမ်းချမ်းရေးခရီးစဉ်အောင်မြင်ပါစေခြင်းငှာ မြဝတီမိုးကို ကျွန်တော်ဖောက်သည် ချရပါတော့မည်။

***

ပထမနေ့ (၂၁-၈-၂၀၁၃)

မြဝတီခရီးစဉ်ကိုမစတင်မီ ထိုခရီးစဉ်ဖြစ်ပေါ်လာရပုံကို ကျွန်တော်ရှင်းပြရဦးမည်။ အဓိက အကျဆုံးသူက ဆရာမောင်ခိုင်လတ်ဖြစ်သည် ။ သူက လွန်ခဲ့သောတစ်နှစ်ကျော်လောက်က သူ့တူမဖြစ်သူမြနန္ဒာနှင့် မိတ်ဆက်ပေးခဲ့သည် ။ ထိုအချိန်က မြန်မာ့နိုင်ငံရေးပွင့်လင်းစကာလ။ ကျွန်တော်ကိုယ်တိုင် ၈၈ ရုံးသို့ အကြောင်းမျိုးစုံနှင့် ရောက်ရှိနေခဲ့သည် ။ မြနန္ဒာသည် ထိုစဉ်ကပင် ၈၈ ရုံး၏ ရုံးပိုင်းဆိုင်ရာကိစ္စများ တွင် ထဲထဲ

ဝင်ဝင်ရှိနေသည် ။

တစ်ရက်မှာ တော့ ကေကျူ့(ကိုကိုကြီး)ကို ဟောပြောပွဲဖိတ်ရန်အကြောင်းဖန်လာခဲ့သည် ။ ဟောပြောပွဲစီစဉ်သူများက မော်ကျွန်းမှ လူငယ်များ ဖြစ်သည် ။ သူတို့က ဆရာမောင်ခိုင်လတ်ကို တာဝန်ပေးသည် ။ သူနှင့်ကျွန်တော် ၈၈ ရုံးဟောင်းရှိရာ ဝေဇန္တာသို့ လာခဲ့ကြသည် ။ ကေကျူ့ကို

ဖိတ်သည် ။ တစ်ခုခက်နေသည် မှာ ခရီးစဉ်မျိုးစုံခံနေသောကြောင့် ရက်ချိန်းက ညှိ၍ မရ။ (၂)ခါ ပြန် ချိန်းဆိုပါသော်ငြား ခရီးစဉ်များက ပို အရေးကြီးနေသည် ။

ထိုစဉ်ကပင် မြနန္ဒာကို ကျွန်တော် ပိုသတိထားမိခဲ့သည် ။ နောက်ပိုင်းကာလများ တွင် ဆရာမောင်ခိုင်လတ်ရန်ကုန်ရောက်လာတိုင်း ကျွန်တော်တို့ အတူဆုံကာ မနက်တိုင်း လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်ကြသည် ။ မြနန္ဒာတစ်ယောက် နယူးမြန်မာဖောင်ဒေးရှင်း (NMD) ထူထောင်လိုက်ပြီဟု သိရသည် ။ လူပင်ငယ်သော်ငြား သူ့အလုပ်များက တကယ့်နိုင်ငံရေးလက်တံများကြားတွင် အမာခံကွန်ရက် ဖြစ်နေပြီ။ ဤသည် ကား ကျွန်တော်မြင်ရသောအပြင်ပန်းအခြေအနေ။

လွန်ခဲ့သော (၂)လကျော်လောက်က ဆရာမောင်ခိုင်လတ်နှင့်အတူစကားလက်ဆုံကျရင်း မြနန္ဒာတစ်ယောက် ကရင်အသိုင်းအဝိုင်းနှင့် အနီးကပ်ဆက်ဆံနေသည် ကို သိရသည် ။ မြနန္ဒာကလည်း ပြောပြပါသည် ။ ငြိမ်းချမ်းရေးယူလိုက်ပြီမို့ စီးပွားရေးလုပ်ငန်းများ မြဝတီတွင် ဖွံ့ဖြိုးတိုးတက် လာပြီဟု ဆိုသည် ။ သို့ရာတွင် သူ့မှာ ငွေပင်ငွေရင်း မရှိ။ လက်ရှိပန်းဆိုးတန်း လမ်းမကြီးပေါ်မှ ရုံးခန်းခပင်လျှင် တစ်လကို (၇)သိန်းကျော် စရိတ်ရှိနေသည် ။ ခရီးသွားလုပ်ငန်း ထူထောင်ချင်သည် တဲ့ ။

ကျွန်တော်က အကြံပေးသည် ။ ကရင်လူမျိုးတို့ သည် တခြားလူမျိုးများ နှင့်မတူ။ တကယ်အလုပ်လုပ်၍ ကောင်းလျှင် မတွန့်တိုတတ်ကြောင်း၊ ယခု ငြိမ်းချမ်းရေး ဖော်ဆောင်နေသောကာလတွင် မြဝတီမြို့သည် အစွမ်းကုန်ဖွံ့ဖြိုးလာမည့်အကြောင်း၊ တစ်ဖက်က မြေကွက်များ ရှိလျှင် ဆက်သွယ်၍ ရောင်းပေးမည့်အကြောင်း၊ အကျိုးဆောင်ခကို ခွဲဝေယူမည့် အကြောင်း၊ ဤနည်းဖြင့် ဝင်ငွေရှာစေလိုကြောင်း။

မရွှေမြနန္ဒာက ချက်ချင်းပင် ကျွန်တော်နှင့်ဆရာမောင်ခိုင်လတ်ကို သူသိထားသည့် မြေကွက်များ ၊ စိုက်ခင်းများ ပြောပြပါသည် ။ ထို့ပြင် ကျွန်တော့်ကိုမဖြစ်မနေ အကျိုးဆောင်ပေးပါ တဲ့ ။ ကြည့်စမ်း၊ သူ့လူများ ရောင်းချချင်နေသည့် မြေကွက်များ အများကြီးရှိနေပြီပဲ။

ကျွန်တော်ဖြင့် ကိုယ့်ရှူးကိုယ်ပတ်လေပြီ။

ပေးမိလေသောအကြံဉာဏ်ကို အဆုံးထိလုပ်ပြရတော့မည်။ မြနန္ဒာသည် နောက်ထပ်ခရီးစဉ် ပေါ်လာသဖြင့် မြဝတီသို့သွားခဲ့ပြန်လေပြီ တစ်ချီ။ ကျွန်တော်က သူ့ကိုအထပ်ထပ်မှာ သည် ။ မြေကွက်ဆီသို့ကိုယ်တိုင်သွားပါ၊ ဓာတ်ပုံရိုက်ပါ၊ အနီးဝန်းကျင်များကို ရေးမှတ်ခဲ့ပါ။ ဒီက ဝယ်ချင်သူကို ဘယ်နေရာ၊ ဘယ်အပိုင်းဆိုသည် ကို တိတိကျကျရှင်းပြရမည် ။ ကြော်ငြာထည့် ရမည်ဟု ။

တအင်းအင်းနှင့် ခေါင်းညိတ်ကာ မရွှေမြနန္ဒာသွားခဲ့ပါသည် ။ သူပြန်ရောက်လာတော့ မြေကွက်နှစ်ကွက်၊ စိုက်ခင်း ၁၉ ဧကနှင့် တခြားသောမြေနေရာများ ပါလာသည် ။ ကျွန်တော် အတော်ဝမ်းသာသွားသည် ။ ဓာတ်ပုံကောဆိုတော့ ဟင့်အင်း၊ ရပ်ကွက်နေရာ၊ မြေပုံ၊ ပတ်ဝန်းကျင် ဘာဆိုဘာမှ သူ မသိ။ ကောင်းရော။ ဤသည် ကား မြနန္ဒာအစစ်ပါပေတည်း။ သူတကယ်ပင် ဘာစီးပွားရေးမှ မလုပ်တတ်ကြောင်း အကြိမ်တ

စ်ရာမက ပြောဖူးသည် ။ ထိုစဉ်က ကျွန်တော်မယုံ။ တကယ်တော့ မြန်နှာသွားခဲ့သည် ကတောနင်းတောင်ခွင်း စခန်းကြီးခရီးစဉ်များ သာ။ မြေကွက်ကိစ္စများကို ပါးစပ်ဖြင့်ပြော၊ ပါးစပ်ဖြင့်မှတ်လာခဲ့သည် ။ တကယ်မရှိ၍ တော့ မဟုတ်။ KNUမှ ဖထီးတစ်ဦးသည် ဘယ်တော့မှ မရှိသည်ကို မပြော။ တစ်ခုသာခက်၏။ ယနေ့ မြေယာအရောင်းအဝယ်သည် ဟိုတုန်းကလို မဟုတ်တော့ပြီ။ တိတိကျကျမလုပ်လျှင် ရုံးပြင်ကနား ရောက်ရသည် ။ ဒါတွေကို ကျွန်တော်ရှင်းပြတော့ မြန်နှာတုံ့ပြန်လာသည်ကား ရှင်းပါသည် ။

"ရှစ်လေးလုံးနေ့မှာ သူတို့ လာမယ်၊ ဦးမာန် သူတို့ နဲ့ တွေ့ပေးပါတဲ့ "

ကိုင်း။ ကျွန်တော် ရူးချင်သွားတော့သည် ။ တကယ်တော့ ဒီလိုအကျိုးဆောင်လုပ်ငန်းဟူသည် မရေမရာ ဘာမှ လုပ်၍ မရ။ ယခု မြေကွက်ကရှိနေပြီ။ အာရှလမ်းမကြီးအနီးမှာ ဆိုသည့် ဧကမြေများ ကို ဝယ်ချင်သူရှိနေမည်။ ခက်သည် မှာ ဘယ်နေရာမှန်း မသိ။ ဘယ်သူ့ဆီက ဝယ်ရမှန်းမသိ။ မဝယ်မီ သွားကြည့်ဖို့ ရန်ပင် ဘယ်လိုနေရာကို သွားကြည့်ရမည်နည်း။

(၂၅) နှစ် ရှစ်လေးလုံးနေ့ကို ကျွန်တော်မျှော်ရပုံက မနိပ်ပါလား။

***

(၈-၈-၂၀၁၃)နေ့အကြောင်း မှတ်မိနေသည် ။

မိုးက မနက်ပိုင်းတွင် ဖွဲဖွဲမျှသာ ကျနေသည် ။

မနေ့ကတည်းက ဂျာနယ်တိုက်တွင် ကိုအောင်ထွန်းနှင့် ဆုံခဲ့သည် မို့

သူတို့ မနက်ကိုးနာရီတွင် လမ်းလျှောက်ချီတက်ကြမည်ဟု သိထားပြီးပြီ ။ ကျွန်တော်က သတင်းယူဖို့ သူတို့ ဆုံမှတ်ပြုထား သည့် ဟံသာဝတီအဝိုင်းသို့သွားခဲ့သည် ။ ဟံသာဝတီအဝိုင်းတွင် မြို့ထဲသို့လာမည့် ပလက်ဖောင်း ဘက်တွင် ထီးရိပ်ခိုနေသူ လေးငါးဆယ်ကိုတွေ့ရသည် ။ သည်ဘက်ခြမ်းမှာ က ရဲကားများ ခြံဝင်းတစ်ခုအတွင်းရပ်ထားပြီး ရဲတပ်ဖွဲ့ဝင်များကို တော်တော်များများ တွေ့နေရသည် ။

ကိုအောင်ထွန်းကို မတွေ့ရသေး။ ရောက်နှင့်နေသူများကိုလည်း မည်သူတွေမှန်းမသိ။ ပန်းပွင့်များကိုင်ဆောင်ထားသည့် မိန်းကလေးသုံးလေးဦး၊ မီဒီယာမှ လူငယ်မောင်မယ်များ ၊ လမ်းလျှောက်မည့်သူများ ၊ ထောက်လှမ်းရေးမှ ပုဂ္ဂိုလ်များကို တွေ့ရသည် ။ သိပ်မကြာလိုက်သော အချိန်မှာ ပင်လူတစ်ဦးကို ရဲအရာရှိဖြစ်သူက မေးမြန်းနေသည် ။ အားလုံး ထိုနေရာသို့ စုပြုံတိုးဝှေ့နေကြသည် ။ ဓာတ်ပုံတွေ၊ အသံဖမ်းစက်တွေဖွင့်ကာ ဝန်းရံပြီးသတင်းယူကြသည် ။

ဖြေကြားနေသူက ဦးဝင်းချို။

သူ့လေသံက အထူးပင် ညင်သာပျော့ပျောင်းလှသည် ။ ယနေ့လမ်းလျှောက်မည့် အစီအစဉ်အတွက် ကြိုတင်ခွင့်ပြုမိန့် မယူထားကြောင်း၊ မိမိဆန္ဒဖြင့် လျှောက်ရခြင်းဖြစ်ပြီး လွန်ခဲ့သော ၂၅ နှစ်က ကျဆုံးသွားကြသည့် ရှစ်လေးလုံးပြည်သူများ အတွက် အမှတ်တရ ဂုဏ်ပြုလမ်းလျှောက်ခြင်းဖြစ်ကြောင်း၊ ကြွေးကြော်သံမပါ၊ အလံမကိုင်၊ ဆိုင်းဘုတ်မထူ၊ ဆန္ဒပြတောင်းဆိုမှုကင်းမဲ့စွာဖြင့် လမ်းလျှောက်မည့်အကြောင်း၊ ကြိုတင်ခွင့်ပြုမိန့် မတောင်းခံထား

ကြောင်း၊ အရေးယူလျှင် ဥပဒေအရ ရင်ဆိုင်သွားမည်ဖြစ်ကြောင်း၊ အလွန်ချိုသာအေးဆေးစွာ ဖြေရှင်းပြသည် ။

ရဲအရာရှိ ထွက်ခွာသွားချိန်တွင် မီဒီယာများကဆက်၍ မေးမြန်းသည် ။ ခဏအကြာတွင် ကိုအောင်ထွန်း ရောက်လာသည် ။ လူအုပ်စုမှာ မနေ့ကသူပြောသလို အင်အား ၅၀၀ မရှိ။ ၅၀ မျှသာ ရှိသည် ။ ကျွန်တော် သူ့ကို ဓာတ်ပုံရိုက်သည် ။ အားပေးစကားပြောသည် ။ လမ်းကြောင်းကို မေးသည် ။ သူက မဖြူ ဆိုသူအမျိုးသမီးနှင့် မိတ်ဆက်ပေးပြီး မဖြူကသာလျှင်လမ်းကြောင်းစီစဉ်သူဟု ပြောပြသည် ။ ကျွန်တော်မေးကြည့်တော့ ပြည်လမ်းဟု တုံးတိတိဖြေသည် ။ မျက်နှာထားကလည်း ခပ်မာမာပင်ဖြစ်သည် ။

မဖြူထွက်သွားတော့ လူအင်အားကို ကျွန်တော် အကဲခတ်ကာ ကိုအောင်ထွန်းကို ထပ်မံ အားပေးသည့်အနေဖြင့် ကျွန်တော်ပါ ဝင်လျှောက်မည့်အကြောင်း ပြောပြမိသည် ။ သူခန့်မှန်း ထားသည့်အင်အား ၅၀၀ မရောက်ရှိသော်ငြား လမ်းလျှောက်ပွဲကိုမပျက်စေလို။

ကျွန်တော် ခရီးအစမှ မြို့တော်ခန်းမရှေ့အထိ ကိုအောင်ထွန်းတို့နောက်မှ လိုက်လာခဲ့သည် ။ ဝိုင်းရံထားသည့် မီဒီယာလူငယ်မောင်မယ်များ ၊ ရဲများ ၊ ထောက်လှမ်းရေးများ ၊ ပရိသတ်များကြောင့် လမ်းလျှောက်ဆန္ဒပြပွဲကအတော်ကြီး ခရီးတာသွားလှသည် ။

ကျွန်တော့်ရှေ့တွင် တစ်ခါတစ်ရံ ကရင်ဘာသာရေးထိုးထားသည့် စပို့ရှပ်အင်္ကျီနှင့် ဖထီးတစ်ဦး၊ အမျိုးသမီးကြီးတစ်ဦး၊ တခြားကရင်တိုင်းရင်းသားကြီးတစ်ဦးကို တွေ့ရသည် ။ သူတို့ နှင့်ကျွန်တော် ရှေ့ကိုရောက်လိုက်၊ နောက်ကိုရောက်လိုက်ဖြင့် မိုးမှုန်ဖွဲဖွဲအောက်တွင် လျှောက်ကြသည် ။

မြို့တော်ခန်းမရှေ့ရောက်တော့ ကျွန်တော် ပျော့နေပြီ။ ခြေထောက်များက မလှုပ်ရှားချင် တော့။ လူက တစ်ကိုယ်လုံး နွမ်းရိပင်ပန်းနေပြီ။

မြို့တော်ခန်းမရှေ့က ထွက် လာပြီး ဂျာနယ်တိုက်ရောက်သည် နှင့် ဝင်းမြင့်မောင်က ဖုန်းဆက်လာပြန်သည် ။ သူကလည်း တစ်ကိုယ်တော် ဆန္ဒဖော်ထုတ်ပွဲလုပ်ချင်ပြန်သတဲ့ ။ ကိုအောင်ထွန်းတို့ အုပ်စုမှ စထွက် ကတည်းက တားဆီးမေးမြန်းမှု များ ကြုံခဲ့ရသည် ။ မြို့နယ်တစ်ခုပြီးတ စ်ခု တားမြစ်မေးမြန်းသည် ။ အမှုများက ပုဒ်မ(၁၈)ချည်းသာ။ ယခု ဝင်းမြင့်မောင်(ခ)ပဲပြုတ်ကျတော့ ဘာဖြစ်မည်မသိ။ သူက ယခင်ကတ ည်းက NLDမှာ မကြာခဏ ထောင်ကျခံရသူ လူငယ်တစ်ဦး။ ၂၀၁၁ ခုနှစ် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးစဉ်က ခန္တီအကျဉ်းထောင်မှ မစုစု နွေးတို့ နှင့်အတူ လွတ်လာသူ။ NLDမှာ လည်း သူ ဝင်မပါတော့။ သူ့အ ဖေလည်း သူထောင်ကျစဉ်က ဆုံးသွားခဲ့ပြီ။ ယခု သူက တစ်ကိုယ်တော် ဆန္ဒဖော်ထုတ်ချင် နေသည် ။ ကျွန်တော့်ကိုမီဒီယာသမားတစ်ဦးလို အားကိုးနေသည် ။

သူတင်ပြသည့် အစီအစဉ်ကိုလက်ခံကာ နေ့လယ် ၁ နာရီတွင် မြို့တော်ခန်းမရှေ့သို့ ရောက်ခဲ့ရပြန်သည် ။ သူက တစ်ကိုယ်တော်ဆန္ဒထု တ်ဖော်သည် ။ (၈.၈.၈၈)နေ့တွင် ကျဆုံးသွားသည့် သူများ အပေါ် သူ တာဝန်မကျေကြောင်း သူ့ကိုယ်သူ ဖော်ထုတ်ပြခြင်းပင်။ မီဒီယာသမား များက မေးမြန်းကြသည် ။ သူ့ဖြစ်စဉ်များကိုပြောပြပြီး သူတာဝန်မကျေ သေးသည့်အတွက် အပြစ်ရှိသလို ခံစားရပါသဖြင့် ဒီမိုကရေစီအရေး အ သက်ပေးသွားကြသူများ ၊ ဘဝပျက်ခဲ့ကြသူများ ၊ ဆင်းရဲဒုက္ခရောက်ကြ ရသူများ အတွက် သူ အပြစ်မကင်းပါကြောင်း ဝန်ခံသွားသည် ။

ကျွန်တော် အိမ်ပြန်ရောက်ချိန်တွင် မြနန္ဒာထံမှ ဖုန်းဝင်လာပါသည် ။ ဖထီးတို့ ရောက်နေပြီတဲ့ ။ ကျွန်တော် ဘယ်လိုမှ မတွေ့နိုင်တော့။ မန က်ဖြန်ကို ချိန်းလိုက်ရသည် ။ ဖထီးတို့ ကလည်း မနက်ဖြန်ပြန်ကြမည်မို့ မနက်ပိုင်းမှာ တွေ့ကြဖို့ ချိန်းဆိုရတော့သည် ။

***